## သမ္မာကျမ်းဆိုင်ရာအတွေးအမြင်

## ပျော်ရွှင်ခြင်းပုံစံတစ်မျိုး



ခရစ်စမတ်ကာလတွင် အိမ်နှင့်ဝေးကွာနေသူများ၊ အိမ်မပြန်နိုင်ကြသူများ၊ နေစရာအိမ်မရှိတော့သည့်သူများ၊ အိမ်ရှိသော်လည်း ပျော်ရွှင်မှုနှင့်လုံခြုံမှုမရှိတော့သည့်သူများ... ထိုကဲ့သို့သောသူတို့၏အကြောင်းကို ကျွန်ုပ်တွေးနေ မိသည်။ သင်တို့နှင့်ပတ်သက်သောအတွေးပေါင်းများစွာ ကျွန်ုပ်စိတ်ထဲတွင်ရှိနေကြောင်းကိုဖော်ပြလိုခြင်း ဖြစ်သည်။ ၂၀၂၄ သည်အင်မတန်ခက်ခဲကြမ်းတမ်းခဲ့သည်...လာမည့်နှစ်သစ်သည်လည်း မသေချာမှုများနှင့် ပြည့်နှက်နေကြောင်းကို ကျွန်ုပ်သိထားပါသည်။

ဤသို့သောအခြေအနေတွင် မြော်လင့်စရာအကြောင်းတစ်ခုကို ကျွန်ုပ်တွေ့မြင်ထားပါသည်။

ထာဝရဘုရားသည် ပတ္တနာပြုသောသူအပေါင်း၊ သစ္စာနှင့်တကွ ပတ္တနာပြုသောသူအပေါင်းတို့၏အနီးအပါး၌ရှိ တော်မူ၏။ကြောက်ရွံ့သောသူတို့၏အလိုကိုပြည့်စုံစေတော်မူ၏။ ထိုသူတို့၏အော်ဟစ်ခြင်းကိုကြား၍ ကယ်တင် တော်မူ၏။ ထာဝရဘုရားသည် ကြည်ညိုသူအပေါင်းတို့ကိုစောင့်မတော်မူ၏။ မတရားသောသူအပေါင်းတို့ကိုကား၊ ဖျက်ဆီးတော်မူမည်။ (ဆာလံကျမ်း ၁၄၅း၁၈-၂၀)

မြော်လင့်ခြင်းကိုဖြစ်စေသည့်ဤသို့သောကျမ်းပိုဒ်များကို သမ္မာကျမ်းစာထဲတွင် ကျွန်ုပ်တို့ထပ်ခါထပ်ခါဖတ်ရလေ့ရှိ သည်။ လူဆိုးတို့ကြောင့် နာကျင်မှု၊ဆုံးရှုံးရမှုများရှိသော်လည်း ဘုရားသခင်သည်ကျွန်ုပ်တို့ကိုကူညီ၍ သူ၏အလို တော်အတိုင်းကျွန်ုပ်တို့၏ဘဝကို ပြည့်စုံစေလျက်ရှိပါသည်။

မည်မျှပင်မှောင်မိုက်နေပါစေ...ယေရှုခရစ်တော်၏ အလင်း၊ ဘုရားသခင်၏ခွင့်လွှတ်ခြင်းနှင့်ကယ်တင်ခြင်းကို ကျွန်ုပ်တို့အထဲ၌မည်သူမျှနှုတ်ယူသွား၍မရဘဲရှိနေပါ သည်။ ဒုက္ခဝေဒနာပြည့်နှက်နေသည့် ဤကမ္ဘာလောကထဲတွင် တရားမျှတခြင်းကို ကြာရှည်စွာစောင့်ဆိုင်းရ သော်လည်း ဘုရားသခင်၏ချစ်ခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်း၊ ဝိညာဉ်တော်ဘုရား၏နှစ်သိမ့်ပေးခြင်းက တစ်ရက်ပြီးတစ်ရက်အသက်ရှင်ရန် လုံလောက်သော အရင်းအမြစ်ကိုဖြစ်ပေါ်စေသည်။

ဤကဲ့သို့တွေးကြည့်သည့်အခါတွင် ပို၍ပျော်ရွှင်လာရသည်။ ကျွန်ုပ်ကိုဖန်ဆင်းသော ဘုရားသခင်၏ချစ်ခြင်း မေတ္တာကိုသိရ၍ ထိုဘုရား၏ကွယ်ကာခြင်းကိုအစဉ်တွေ့မြင်ရသည့်အခါ ကျွန်ုပ်၏ဘဝသည် အဓိပ္ပာယ်ရှိပြီး ရည်ရွယ်ချက်လည်းရှိနေကြောင်းကို သဘောပေါက်လာမိသည်။ ဒုက္ခဆင်းရဲခြင်းကို ကျွန်ုပ်တစ်ယောက်ထဲ ခံစားနေရသည်မဟုတ်ပါ။ ကျွန်ုပ်ကိုထောက်ပံ့စောင့်ရှောက်သူရှိနေသည်။ ကျွန်ုပ်အတွက် အကူအညီလည်း ရှိနေသည်။ ဘုရားကိုသိ၍ ဘုရားကောင်းမြတ်ကြောင်းကို အခြားသူများထံ ဝေငှပြောကြားလိုသည့် ယုံကြည်သူ ခရစ်ယာန်များနှင့် ပေါင်းဖော်ရခြင်းသည်လည်း အင်မတန်မှဝမ်းမြောက်စရာပင်ဖြစ်သည်။ ယခုကျွန်တော် တွေးသည့်နည်းတူ တွေးတောနေသည့် မိတ်ဆွေများလည်းရှိမည်ဖြစ်သည်။ အတူတကွလုပ်ဆောင်ခြင်း၊ ဘုရား မေတ္တာကို အတူတကွဝေမျှခံစားခြင်း၊ ပူဆွေးချိန်တွင် မျက်ရည်ကျလျက်အဖော်ပြုပေးနေသည့် စိတ်တူကိုယ်တူ ယုံကြည်သူမိတ်ဆွေများကြောင့် နှလုံးသားထဲရှိလစ်ဟာနေသည့်အရာကို ဖြည့်ဆည်းပေးသည့်အလားခံစားရပါ သည်။

ဤအရာများကြောင့် ကျွန်ုပ်အင်မတန်ပျော်ရွှင်ရသည်။ မိတ်ဆွေတို့နည်းတူ..ကျွန်ုပ်လည်း ဝမ်းနည်းခြင်း၊ ဒေါသဖြစ်ခြင်း၊ စိတ်ပျက်ခြင်း၊ စိတ်အားယုတ်ခြင်း၊ ကြောက်ရွံ့ခြင်းတို့ကိုခံစားရပါသည်။ ဤသို့သောအချိန်တွင် ဘုရားသခင်ထံ အသံလွှင့်လျက်ဆုတောင်းခြင်းမျိုးကိုကျွန်ုပ်ပြုလုပ်လေ့ရှိသည်။ တစ်ခါတစ်ရံ ထိုခံစားချက်များကို မေ့ပစ်လျက် နာကျင်မှုကိုကိုင်တွယ်ဖြေရှင်းရချိန်လည်းရှိသည်။ ခက်ခဲချိန်၌ ဘုရားသခင်နှင့်မိတ်သဟာရပြုခြင်း၊ ခရစ်တော်ကို ယုံကြည်သောစိတ်တူကိုယ်တူများနှင့် ဝန်းရံနေထိုင်ခြင်းတို့ကြောင့်သက်သာမှုကိုရရှိခြင်းဖြစ်သည်။ ဤသို့သော ပျော်ရွှင်မှုမျိုးကို ကျွန်ုပ်လွန်စွာတန်ဖိုးထားပါသည်။ စာဖတ်သူတို့လည်း ဤသို့နေထိုင်အသက်ရှင်ပြီး နှစ်သစ်ထဲသို့ ဝင်ရောက်ရန် ကျွန်ုပ်မြော်လင့်ဆုတောင်းပေးနေပါသည်။

ပျော်ရွှင်ဖွယ်နှစ်သစ်ဖြစ်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါတယ်။ စိတ်ပျက်အားလျော့ခြင်းမရှိကြပါနှင့်... ထာဝရဘုရားသည် ဆုတောင်းပတ္ထနာပြုသောသူအပေါင်း၊ ယုံကြည်ခြင်းနှင့် ပတ္ထနာပြုသောသူအပေါင်းတို့၏ အနီးအပါး၌ရှိတော်မူ၏။

ယေရှုခရစ်တော်၏ချစ်ခြင်းမေတ္တာဖြင့်

ဦးထင်ကျော်@Dr. Tim

သိက္ခာတော်ရဒေါက်တာ Timothy C. Geoffrion သည်ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးဖြစ်ပြီး ဓမ္မသစ်ကျမ်းဆိုင်ရာ ဒေါက်တာဘွဲ့ရ ပါမောက္ခအဖြစ် ရန်ကုန်မြို့တွင် ၂၀၀၇ ခုနှစ်ကတည်းက အစဉ်သင်ကြားပေးနေသူဖြစ်သည်။